**(၄) ကြပ်ခိုးပွရောဂါ (Loose smut)**

**ရောဂါဖြစ်စေသောသက်ရှိ - *Ustilago nuda* f.sp. *tritici* (Schaffnit) (*Ustilago tritici* (Pers.) Rostrup)**

**ရောဂါလက္ခဏာ**

ရောဂါကျရောက်ပါက ဂျုံနှံရှိ အနှံစေ့များတွင် အမဲရောင်မှုံများတွယ်ကပ်နေပြီး ရောဂါပြင်းထန်ပါက စိုက်ခင်းထဲတွင် အမဲရောင်ဂျုံနှံများအားတွေ့ရသည်။ မှိုစပိုးများ လွင့်ပျံ့ပြီး ပါကအနှံရိုးတံသာထီးတည်းကျန်ရစ်ခဲ့သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုရွေးချယ်စိုက်ပျိုးပါ။
- ရောဂါကင်းသောမျိုးစေ့များကိုသာစိုက်ပျိုးပါ။
- ပင်ကြွင်းပင်ကျန်များအားမီးရှို့ဖျက်ဆီးပါ။
- မျိုးစေ့အားမျိုးစေ့လူးနယ်မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။
- ရောဂါကျရောက်ပါက Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Copper hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်)၊ စသော မှိုသတ်ဆေးများ ပက်ဖျန်း အသုံးပြုပါ။